# မာတိကာ


မိတ်ဆက် ၁၃

**၁။ ရေကြည်တစ်ပေါက် သောက်ပါရစေ** ၁၇
တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းကျောင်း ကျောင်းနေဖက်တွေက
မြတ်ဆရာ ပူဇော်ပွဲတွေလုပ်ကြတယ်။
မူလတန်းဆရာတွေကို ကန်တော့ကြတာကတော့ ရှိတော့ရှိတယ် ရှားတယ်။

**၂။ နဂါးမလေးကို နိုးယူထားသူ** ၂၃
အရုပ်မဟုတ်ဘူး။ လူယောင်ဖန်ဆင်းထားတဲ့ မိန်းမချောလေး။
သူ့ခေါင်းပေါ်မှာ သရဖူဆောင်းသလို နဂါးရဲ့ အမောက်သဏ္ဍာန်ပါတယ်။

**၃။ အခြေမခိုင် ခပ်ယိုင်ယိုင်** ၂၉
လေးတန်းအောင်အရည်အချင်း တကယ်ရှိရင် ဘဝမှာ လူတန်းစေ့တယ်။
အောင်မြင်နိုင်တယ်။ ပျော်ရွှင်နိုင်တယ်။
ကျောင်းက သင်လိုက်တဲ့စာတွေ ကျောင်းမှာ ထားပစ်ခဲ့ကြလို့
အောင်မြင်သင့်သလောက် မအောင်မြင်ကြတာ။

**၄။ လှည်းဘီး နှံ့နစ်နေသလား** ၃၅
မူလတန်းစာတွေကို ပါးစပ်က အလွတ်ရွတ်ရုံမဟုတ်ဘူး ဘဝတစ်လျှောက်လုံး
လက်တွေ့ကျင့်သုံး အသုံးချတတ်အောင် နှလုံးသားထဲ ထည့်ပေးနိုင်ရမယ်။

**၅။ အခွင့်အရေးသမားတွေ မလုပ်နဲ့၊ တာဝန်သမားတွေလုပ်ပါ** ၃၉
မိန်းမကလေးရှိတဲ့အိမ် သန့်ရှင်းရမယ်၊
ယောကျ်ားကလေးရှိတဲ့အိမ် တောင့်တင်းရမယ်။ တာဝန်ယူထားကြ။
အခွင့်အရေးသမားတွေ မလုပ်နဲ့၊ တာဝန်သမားတွေလုပ်ပါ။
ဒီအိမ်ထောင်လေး ပြောင်လာရမှာပေါ့။

**၆။ ကျောင်းသင်ခန်းစာထဲ မပါတော့တဲ့ ‘မပုကြွယ်’** ၄၃
စတုတ္ထတန်းမြန်မာဖတ်စာအုပ်ထဲမှာ မပုကြွယ်သင်ခန်းစာ အရင်က ပါတယ်။
အခု မပါတော့ဘူးဆိုတော့ အားလုံးက ‘ဟင်’ခနဲ ဖြစ်သွားကြတယ်။

**၇။ ဆရာဝန်ဖြစ်ချင်တဲ့ မဆုမွန်နဲ့ ခရုနှစ်ကောင်** ၄၇
ဘာပဲဖြစ်ဖြစ်ပေါ့၊ နောက်ဆုံးလှမ်းရမယ့်ခြေတစ်လှမ်းဟာ ပန်းတိုင်ရောက်ဖို့
ဖြစ်နေတတ်တယ်။ လက်မလျှော့လိုက်ပါနဲ့။

**၈။ ယုန်နဲ့လိပ် ပုံပြင်သစ်** ၅၃
လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို လုပ်ရမယ့်အချိန်မှာ မလုပ်ဘဲ
မလုပ်သင့်မလုပ်ထိုက်တာကို လုပ်မိလို့ ရှုံးရတယ်ဆိုတာကို တွေ့ရတယ်။

**၉။ ဉာဏ်ကို လွှာသုံးတတ်ရမယ်** ၅၇
လောကကြီးမှာ ဘာကိုမှ ပုံသေတွက်ထားလို့မရဘူး။ လိုအပ်လာတဲ့အချိန်မှာ
ဉာဏ်ကို လွှာသုံးတတ်မှ အခက်အခဲကိုကျော်လွှားနိုင်ပြီး အဆင်ပြေတာ။

**၁၀။ ပြောင်းပြန်လုပ်တာ ကျင့်သားရနေသူတွေ** ၆၁
ထမင်းမစားခင်မှာ လက်ကို ဘယ်လိုဆေးကြသလဲဆိုတော့ လက်ဆေးရေ
ဇလုံထဲကို သဘောလောက် လက်နှစ်လိုက်တယ်။ ဘာနဲ့တူသလဲဆိုတော့
ကိုယ့်လက်က ဂျီး(ကြေး)တွေကို ရေနဲ့နှစ်ပြီး နှူးပေးလိုက်သလိုပဲ။
လက်က ဂျီးတွေ ရေနူးထားတော့ ပွနေပြီး ထမင်းစားရင်း ဗိုက်ထဲကို
အကုန်ပါသွားရော။

**၁၁။ လက်မဆေးရင် သေတတ်တယ်** ၆၅
မျက်စိနဲ့မမြင်နိုင်တဲ့ ရောဂါပိုးတွေအပြည့်ကပ်နေတဲ့လက်နဲ့ မုန့်စားမယ်၊
မျက်လုံးကိုပွတ်မယ်၊ နှာခေါင်း နှိုက်မယ်၊ ပါးစပ်ကိုပွတ်မယ်၊ ဒီလက်ကြီးနဲ့
အချင်းချင်း လက်ဆွဲနှုတ်ဆက်ကြမယ်ဆိုရင် စဉ်းစားသာကြည့်ပေတော့။

**၁၂။ ရှေ့လူကြီးတွေက သရက်ပင်မစိုက်ခဲ့ကြတော့...** ၇၃
သူများနိုင်ငံကိုသွားပြီး အောက်ကျနောက်ကျအလုပ်လုပ်ကြရတယ်။
အဘိုးတွေက နိုင်ငံတော်သရက်ပင်ကို ရှင်သန်အောင်စိုက်ဖို့
ပျက်ကွက်ခဲ့ကြတာရဲ့ ရလဒ်ပေါ့။ အသိတရားရှိသူတွေ အနာဂတ်သရက်ပင်
စိုက်တာကို ဖျက်လို ဖျက်ဆီးလုပ်သူတွေက ပိုမိုက်မဲရာကျတယ်၊
သူတို့ကြောင့် သားမြေးတွေက မှည့်ဝင်းတဲ့ သရက်သီးချိုချိုကို စားခွင့်မရဘဲ
သူများခြံထဲမှာ ကြွေကျတဲ့ သရက်ကင်း၊ အပုပ်အပဲ့ကိုပဲ
ကောက်စားနေကြရတော့တာပေါ့။

**၁၃။ ပဲပင်ပေါက် ဖောက်သူများ** ၇၉
အဘိုး သရက်ပင်စိုက်သလို သားစဉ်မြေးဆက် အရှည်ကြည့်သင့်ပါတယ်တွေ
ဘာတွေ လာပြောမနေနဲ့၊ နောက် ငါးနှစ်ဆိုရင် ငါလဲဒီနေရာမှာ ရှိချင်မှ
ရှိတော့မှာ၊ မင်းလဲ ရှိချင်မှ ရှိတော့မှာ၊ သရက်ပင်စိုက်ဖို့ စိတ်ကူးယဉ်မနေနဲ့၊
ခုစိုက် ခုစားရတဲ့ ပဲပင်ပေါက်ပဲ ဖောက်ရမယ်။

**၁၄။ အင်းဝက ဘူးသီး** ၈၃
အခွန်အကောက်တွေကို သူကောက် ငါကောက်၊ ကောက်ချင်သူ
ထင်သလိုကောက်နေကြတာတွေ့တော့ ငါလည်းကောက်မယ်ဆိုပြီး
မသာခွန်ကောက်တာပါ။

**၁၅။ တစ်သက်တာလုံး အေးချမ်းမှုကိုပေးမယ့် ငွေ** ၈၇
အလိုဗျာ... ခင်ဗျားကို ပိုက်ဆံတစ်ပြား ဘာကြောင့်ပြန်ပေးရမှာလဲ၊
ဒီငွေဟာ ကျုပ် ရိုးရိုးသားသား လုပ်ကိုင်ရှာဖွေရရှိထားတဲ့ ပိုက်ဆံပဲ။

**၁၆။ ချဉ်ဖတ်အိုးထဲ ရောက်သွားတဲ့ မုန်လာဥ** ၉၁
ပတ်ဝန်းကျင်ဆိုးကိုရောက်သွားတဲ့ လူတစ်ယောက်ဟာ ချဉ်ဖတ်အိုးထဲ
ရောက်သွားတဲ့ မုန်လာဥလိုပဲ ကိုယ်တိုင်က ဘယ်လောက်ဖြူဖြူ
ကြာကြာနေမိတော့ ချဉ်ဖတ်ဖြစ်သွားရတော့တာပါပဲ။

**၁၇။ ကလေးတွေကို မင်္ဂလာဆောင်ပေးကြပါ** ၉၃
ကလေးက ရော်ဘာကြက်ပေါင်ကွင်းကိုင်နိုင်တဲ့အရွယ်ရောက်လာရင်
လိပ်ပြာပစ်တယ်။ လေးခွကိုင်နိုင်တော့ ငှက်ပစ်တယ်။
ဒူးလေးကိုင်နိုင်တော့ သားသမင်တွေပစ်တယ်။
ဒီလိုနဲ့ လက်ယဉ်လာတာ သေနတ်ကိုင်ရတော့ လူသတ်ဖို့ ဝန်မလေးဘူး။

**၁၈။ မိုက်ကြေးခွဲသလိုပြောတဲ့သူ** ၉၇
ကလေးပြောပုံကလဲ မိုက်ကြေးခွဲတာကျနေတာပဲ၊
သူ့ပတ်ဝန်းကျင်ကလူတွေရဲ့ အတုမြင် အတတ်သင်တာ ဖြစ်မယ်။

**၁၉။ သန်းခေါင်ကိုနေ့မှတ်ပါလို့ အရပ်ကိုတဲ့ အားမနာ** ၁၀၁
သူ့အတွေ့အကြုံအရ ဆင်းရဲတဲ့လူတွေ၊ ဆင်းရဲတဲ့နိုင်ငံတွေက
အသံဆူညံတာကြိုက်တယ်။ ဆူဆူညံညံလုပ်တတ်တယ်တဲ့။
သူက အိန္ဒိယတို့၊ မြန်မာတို့ကို ဥပမာပေးတော့...။

**၂၀။ အ, တယ်ဆိုတာ** ၁၀၅
ဦးလေးမြက ညိုညိုကို သူ့အိမ်မှာ မုန့်လိုက်စားလှည့်ပါ ဆိုပြီးခေါ်သွားတယ်။
ညိုညိုကလည်း မုန့်စားချင်တော့ လိုက်သွားတယ်။ ဦးလေးမြက
သူ့အိမ်ရောက်တော့ ညိုညိုကိုမုန့်ကျွေးပြီး ညိုညိုရဲ့ မထိမကိုင်သင့်တဲ့
နေရာတွေကို လာကိုင်တယ်။

**၂၁။ ကြက်ဥ ပြဿနာ** ၁၁၁
လူကြီးမင်းတို့ မဖြစ်နိုင်ဘူးလို့ပြောခဲ့တဲ့ ကိစ္စကို စွမ်းသူက
လုပ်ပြလိုက်တော့ ဘယ်လောက်လွယ်သလဲ။ ‘ဒါက ကမ္ဘာပေါ်မှာ
လုပ်ဖို့အလွယ်ဆုံး အလုပ်တစ်ခုပါ’လို့ ပြောဦးမယ်။ တစ်ခုတော့ရှိတယ်၊
ကိုယ်တိုင် စဉ်းစားတီထွင်နိုင်တာမဟုတ်ဘဲ သူများလုပ်ပြပြီးတာကို
လိုက်လုပ်ရရင်တော့ လွယ်တာပေါ့။

**၂၂။ စကားပြောနေတဲ့ ဖိနပ်ကလေးများ** ၁၁၅
လူတစ်ယောက် ဖိနပ်ချွတ်ထားပုံ အကဲခတ်ပြီး ဒီလူက စည်းနဲ့ကမ်းနဲ့
နေသူလား၊ ဖြစ်ကတတ်ဆန်း နေသူလား အကဲဖြတ်နိုင်ပါတယ်။

**၂၃။ ဒေါ်လာတစ်သန်းတန် အကြွားပြိုင်ပွဲကြီး** ၁၂၁
အကြွားတက္ကသိုလ် ပါမောက္ခချုပ်ဆိုတဲ့လူကတော့ ‘ဒေါ်လာ ၁,၀၀၀,၀၀၀’လို့
ရေးထားတဲ့ ချပ်စက္ကူပုံးကြီးကို ရင်မှာပွေ့ပိုက်ကာ မီဒီယာတွေရှေ့မှာ
ပြုံးပြုံးကြီး ဓာတ်ပုံအရိုက်ခံရင်း အင်တာဗျူးတွေဖြေနေပါသတဲ့။

**၂၄။ လွတ်လပ်မှုကသာ အလှဆုံးပါ** ၁၂၅
လွတ်လပ်တဲ့ဘဝကို လိုလားတယ်။ မိုးအဆုံးမြေအဆုံး တစ်လောကလုံးမှာ
ကိုယ်ကြိုက်တဲ့နေရာကိုသွား၊ ကိုယ်လုပ်ချင်တာ လုပ်ခွင့်ရတဲ့ဘဝကို
သဘောကျနေတာပါ။

**၂၅။ အသုံးမကျ အရာမဝင်တဲ့သူရယ်လို့ မရှိပါ** ၁၃၁
လူ့လောကမှာ အသုံးမကျ အရာမဝင်တဲ့သူရယ်လို့ မရှိဘူး။
ဘယ်သူမဆို သင့်တော်တဲ့နေရာက ကောင်းကျိုးဆောင်နိုင်ကြတယ်။

**၂၆။ အမြှောက်ကြိုက်သူ** ၁၃၅
“ကာတွန်း ဆရာတွေဆွဲတာနဲ့ ပြောင်းပြန်ပဲ၊ ယမမင်းကြီးက သိပ်ခံ့
သိပ်ချောတာပဲ”
“သတိထားတော်မူပါ၊ ဒီလူက ယမမင်းကြီးကို မြှောက်ပြောနေပါပြီ”
“ဟုတ်သလောက်တော့ပြောပါစေကွာ”

**၂၇။ ချစ်တတ်အောင် သင်ပေးကြပါ** ၁၃၇
အချို့ကလေးတွေက လေးတန်း မအောင်သေးဘူး ရည်းစားထားချင်နေတဲ့
ခေတ်မှာ ကလေးလေးတွေကို ချစ်တတ်အောင် သင်ပေးရဦးမှာလား။

**၂၈။ The End and အိုင် အမ် ဆိုးဆောရီး သရီး** ၁၄၃
ညနေစောင်းလာတော့ အကြံသမား ဂျွန်က ကောင်မလေးရဲ့ဆိုင်ကို
နောက်တစ်ခေါက် ရောက်လာပြန်တယ်။
ကောင်မလေးကို အင်္ဂလိပ်လို ဒွတ်ဒက်ရွတ်ရက်တွေပြောတယ်။

**၂၉။ မိုးကြိုးအပစ်ခံရရင် ဘယ့်နှယ်လုပ်မှာလဲ** ၁၅၁
မိဘအများစုက သားသမီးတွေကို အတန်းအောင်စေချင်တယ်။
အတန်းနဲ့အတူ အရည်အချင်းပါလာရမှာကို အလေးမထားဘူး။
ဘယ်နှတန်းဆိုတဲ့ ကိန်းဂဏန်းတွေကိုပဲ လက်ခိုးရေသူ များတယ်။

**၃၀။ လေးတန်းအောင်သူ ‘ပါရဂူ’** ၁၅၅
လေးတန်းပဲ အောင်တယ်ဆိုပေမဲ့ ဘာသာပြန် ကျမ်း၊ ဘာသာပြန်ဝတ္ထု၊
ပင်ကိုရေး ကျမ်း၊ ပင်ကိုရေး ဝတ္ထု စုစုပေါင်း စာအုပ် ၁၀၀ ကျော်
ရေးသားထုတ်ဝေခဲ့တယ်။ နိုင်ငံခြားပညာသင်ဆုလည်းရတယ်။
တက္ကသိုလ်နဲ့ အသင်းအဖွဲ့တွေမှာ တာဝန်ကြီးကြီးတွေ ထမ်းဆောင်ခဲ့တယ်။